
## တရုတ်နှင့်နယ်စပ်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ကျဆင်း

အောက်တိုဘာလမှ မတ်လအထိ ကာလတူနှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်။





စစ်ကောင်စီက မီနီဘတ်ဂျက်အဖြစ် သတ်မှတ်ထားသည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ကုန်သွယ်မှုတန်ဖိုးမှာ **အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံကျော်** သာ ရှိခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ကာလတူနှိုင်းယှဉ်ပါက မီနီဘတ်ဂျက်တွင် **အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆ ဘီလီယံကျော်** လျော့နည်းခဲ့သည်။ တရုတ်နှင့် နယ်စပ်ကုန်သွယ်မှုတွင် သိသိသာသာကျဆင်းခဲ့ပြီး **အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံကျော်** လျော့ကျခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် **အမေရိကန်ဒေါ်လာ သန်း ၃၅၀ ကျော်**၊ အိန္ဒိယနယ်စပ်တွင်လည်း **အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျော်** လျော့ကျခဲ့သည်။ သို့ရာတွင် ထိုင်းနယ်စပ်ကုန်သွယ်မှုမှာမူ **အမေရိကန်ဒေါ်လာ သန်း ၆၄၀ ကျော်**မြင့်တက်ခဲ့ပြီး စုစုပေါင်းနယ်စပ်ကုန်သွယ်မှု၏ **၇၅ ရာခိုင်နှုန်း ကျော်**အထိ ရောက်ရှိခဲ့သည်။

ရည်ညွှန်း - စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## သွင်းကုန်ရော ပို့ကုန်တန်ဖိုးပါ သုံးပုံတပုံကျော် ကျဆင်းခဲ့

အောက်တိုဘာလမှ မတ်လအထိ ကာလတူနှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်။





မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ကုန်သွယ်ရေးကို ကာလတူနှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးတွင် **အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံခန့်** ကျဆင်းခဲ့ပြီး သွင်းကုန်တန်ဖိုးတွင် **အမေရိကန်ဒေါ်လာ သန်း ၆၇၀ နီးပါး** လျော့ကျခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမခြောက်လ(အောက်တိုဘာ-မတ်)တွင် ပို့ကုန်တန်ဖိုး **အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံနီးပါး** ရှိခဲ့ရာမှ မီနီဘတ်ဂျက် တွင် **အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော်**အထိ လျော့ကျခဲ့သည်။ သွင်းကုန်တန်ဖိုးတွင်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမခြောက်လ(အောက်တိုဘာ-မတ်) တွင် **အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံခန့်** ရှိခဲ့ရာမှ မီနီဘတ်ဂျက်တွင် **အမေရိကန်ဒေါ်လာ သန်း ၉၀၀ နီးပါး** အထိ ကျဆင်းခဲ့သည်။

ရည်ညွှန်း - စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## တရုတ်နယ်စပ်ကုန်သွယ်ရေး လေးဆကျော် လျော့ကျ

အောက်တိုဘာလမှ မတ်လအထိ ကာလတူနှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်။




| မူဆယ် | အမေရိကန်ဒေါ်လာ သန်း |
| --- | --- |
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၂,၄၆၁.၁၂၃<br>၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၆၇၂.၃၇၁ | လျော့ကျ<br>- ၁,၇၈၈.၇၅၂ |

| လွယ်ဂျယ် | အမေရိကန်ဒေါ်လာ သန်း |
| --- | --- |
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၁၄၅.၃၃၁<br>၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၂၂.၆၅၆ | လျော့ကျ<br>- ၁၂၂.၆၇၅ |

| ချင်းရွှေဟော် | အမေရိကန်ဒေါ်လာ သန်း |
| --- | --- |
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၃၄၉.၄၉၅<br>၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၄၇.၂၃၃ | လျော့ကျ<br>- ၃၀၂.၂၆၂ |

| ကန်ပိုက်တီ | အမေရိကန်ဒေါ်လာ သန်း |
| --- | --- |
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၂၃၈.၉၆၀<br>၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၄၅.၅၀၆ | လျော့ကျ<br>- ၁၉၃.၄၅၄ |


| ကျိုင်းတုံ | အမေရိကန်ဒေါ်လာ သန်း |
| --- | --- |
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၅.၆၃၈<br>၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၁၁.၃၇၂ | မြင့်တက်<br>+ ၅.၇၃၄ |

၂၀၂၂ ခုနှစ် မီနီဘတ်ဂျက်ကာလ ကုန်ဆုံးသည့်အချိန်အထိ ရရှိသောအချက်အလက်များကို အခြေပြု၍ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကို ကာလတူနှိုင်းယှဉ်ပါက **အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံကျော်** ကျဆင်းခဲ့သည်။ မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကျဆင်းမှု အများဆုံးဖြစ်ပြီး ကုန်သွယ်မှုတန်ဖိုး လေးဆနီးပါး လျော့ကျခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာ-မတ်)အထိ ကုန်သွယ်မှုတန်ဖိုး **အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံနီးပါး** ရှိခဲ့သော်လည်း မီနီဘတ်ဂျက်တွင်မူ **အမေရိကန်ဒေါ်လာ သန်း ၆၇၀ ကျော်**သာ ရှိခဲ့သည်။ ချင်းရွှေဟော်တွင်လည်း **အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်**၊ ကန်ပိုက်တီတွင် **အမေရိကန်ဒေါ်လာ သန်း ၂၀၀ နီးပါး**နှင့် လွယ်ဂျယ်တွင် **အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကျော်** ကျဆင်းခဲ့သည်။ ကျိုင်းတုံ နယ်စပ်စခန်းတခုတွင်သာ ကုန်သွယ်မှုပမာဏ ဆက်လက်မြင့်တက်ခဲ့သည်။

ရည်ညွှန်း - စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## ■ ထိုင်းနယ်စပ်ကုန်သွယ်ရေးသည် မြန်မာ့နယ်စပ်ကုန်သွယ်ရေး၏ ၇၅ ရာခိုင်နှုန်းကျော်ဖြစ်လာ

အောက်တိုဘာလမှ မတ်လအထိ ကာလတူနှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်။




| တာချီလိတ် | အမေရိကန်ဒေါ်လာ သန်း |
|---|---|
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၁၇၁.၀၀၆ | လျော့ကျ |
| ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၇၅.၄၁၂ | - ၉၅.၅၉၅ |

| မြဝတီ | အမေရိကန်ဒေါ်လာ သန်း |
|---|---|
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၇၁၅.၃၇၆ | မြင့်တက် |
| ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၁,၂၉၃.၂၄၂ | + ၅၇၇.၈၆၆ |

| ကော့သောင်း | အမေရိကန်ဒေါ်လာ သန်း |
|---|---|
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၁၉၁.၅၃၄ | လျော့ကျ |
| ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၁၇၀.၂၈၄ | - ၂၁.၂၅၀ |

| မြိတ် | အမေရိကန်ဒေါ်လာ သန်း |
|---|---|
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၇၄.၃၅၁ | လျော့ကျ |
| ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၆၉.၅၅၂ | - ၄.၇၉၉ |

| နဘုလယ်/ထီးခီး | အမေရိကန်ဒေါ်လာ သန်း |
|---|---|
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၇၇၇.၃၉၅ | မြင့်တက် |
| ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၉၆၁.၃၉၈ | + ၁၈၄.၀၀၃ |

| မော့တောင် | အမေရိကန်ဒေါ်လာ သန်း |
|---|---|
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် - ၈.၄၁၈ | မြင့်တက် |
| ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် - ၈.၇၁၀ | + ၀.၂၉၂ |

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ နယ်စပ်ကုန်သွယ်မှုတန်ဖိုးများကို နှိုင်းယှဉ်ကြည့်ပါက မီနီဘတ်ဂျက်ကာလအတွင်း ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးမှာ သိသိသာသာ မြင့်တက်ခဲ့သည်။ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် **အမေရိကန်ဒေါ်လာ သန်း ၆၄၀ ကျော်** မြင့်တက်ခဲ့ပြီး မြဝတီတွင် **အမေရိကန်ဒေါ်လာ သန်း ၆၀၀ နီးပါး**၊ နဘုလယ်/ထီးခီးတွင် **အမေရိကန်ဒေါ်လာ သန်း ၁၈၀ ကျော်**၊ မော့တောင်တွင် **အမေရိကန်ဒေါ်လာ သုံးသိန်းနီးပါး** မြင့်တက်ခဲ့သည်။ တာချီလိတ်တွင် **အမေရိကန်ဒေါ်လာ သန်း ၁၀၀ နီးပါး**၊ ကော့သောင်းတွင် **အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်**၊ မြိတ်တွင် **အမေရိကန်ဒေါ်လာ ငါးသန်းနီးပါး** ကျဆင်းခဲ့သည်။ မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းနှင့်ပတ်သက်၍ ကုန်သွယ်မှုပမာဏကို စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားခြင်းမရှိပါ။

ရည်ညွှန်း - စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန